နောက်ဆက်တွဲ(က)

# တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန
# မြို့နယ်ဦးစီးအရာရှိရုံး
# လေလံအမှတ် ၂/၂၀၁၃-၁၄
# ကြော်ငြာစာ

၁။ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနရှိ ပုံစံ(၈)ဝင် သစ်ခေါက်(၁၇၅၀)ပိဿာအား နေပြည်တော်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၏( ၂၅.၂.၂၀၁၄ ) ရက်စွဲပါစာအမှတ် ၄၈၀၃-၄၈၀၄/ထ(က)၁ နှင့် လက်ထောက်ညွှန်ကြားရေးမှူး ၊ သစ်တောဦးစီးဌာန၊ ဥတ္တရခရိုင် ၏( ၂၅.၂.၂၀၁၄) ရက်စွဲပါစာအမှတ်၊ ၅၂၅-၅၂၇/သ(ဆ)၁ဖြင့် ခွင့်ပြုချက်အရ အောက်ပါအစီအစဉ်အတိုင်း မျက်မြင်အခြေအနေအရ ဈေးပြိုင်စံနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| နေရာ | – | မြို့နယ်ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ တပ်ကုန်းမြို့။ |
| နေ့ရက် | – | ၂၀၁၄ ခုနှစ် ၊ ( မတ် )လ ၊ ( ၇ )ရက် |
| အချိန် | – | နံနက် ( ၉:၃၀) နာရီ |

၂။ လေလံစည်းကမ်းချက်များကို တစ်စုံလျှင် (၁၀၀၀ိ/–) ကျပ်ဖြင့် (ကျပ် တစ်ထောင် ဖြင့်) တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိရုံးတွင် ဝယ်ယူနိုင်ပါသည်။

၂၇.၂.၂၀၁၄

(မင်းဆွေ)
ဦးစီးအရာရှိ
သစ်တောဦးစီးဌာန
တပ်ကုန်းမြို့

စာအမှတ်၊ ၈၂၁-၈၂၃/ [illegible]
ရက်စွဲ ၊ ၂၈-၂-၂၀၁၄
မိတ္တူကို -

၁။ ညွှန်ကြားရေးမှူး ၊ သစ်တောဦးစီးဌာန ၊ နေပြည်တော်။
၂။ လက်ထောက်ညွှန်ကြားရေးမှူး ၊ သစ်တောဦးစီးဌာန ၊ ဥတ္တရခရိုင်။
၃။ အုပ်ချုပ်ရေးမှူး ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊တပ်ကုန်းမြို့။
၄။ ရုံးလက်ခံ/မျှောစာတွဲ။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**
**မြို့နယ်ဦးစီးအရာရှိရုံး တပ်ကုန်းမြို့**

လေလံအမှတ် ၂/၂၀၁၃–၁၄

တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန ပုံစံ(၈)ဝင် သစ်ခေါက်များ ဈေးပြိုင်စံနစ်ဖြင့်
လေလံတင်ရောင်းချရာတွင် သတ်မှတ်ထားသောစည်းကမ်းချက်များ

၁။ လေလံစွဲမည့်ပုဂ္ဂိုလ်သည် နိုင်ငံသားစိစစ်ရေးကဒ်ပြား တင်ပြ၍ ကိုယ်တိုင်ဖြစ်စေ ၊ စံနစ်တကျလွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဈေးပြိုင်ပေး၍ ဝယ်ယူခွင့်ရှိသည်။

၂။ လေလံတင်ရောင်းချခြင်းကို သစ်တောဦးစီးဌာန တပ်ကုန်းမြို့နယ် ဦးစီးအရာရှိရုံးတွင် ၂၀၁၄ ခုနှစ် ( မတ် ) လ ၊ ( ၇ )ရက်နေ့ (၉:၃၀)နာရီ၌ ပြုလုပ်မည်ဖြစ်သည်။

၃။ လေလံဝယ်ယူမည့်သူသည် တစ်ဦးလျှင်စဘော်ငွေ ( ၃၀၀၀၀ /–)ကျပ်အား တပ်ကုန်းမြို့နယ် ဦးစီးအရာရှိရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ (၆.၃.၂၀၁၄)ရက်နေ့ (၁၆:၀၀)နာရီအတွင်း နောက်ဆုံးထားပေးသွင်းနိုင်သည်။

၄။ စဘော်ငွေပေးသွင်းပြီးကြောင်း ငွေရပြေစာမူရင်းနှင့် လေလံစည်းကမ်း တင်ပြနိုင်သူသာ လေလံဆွဲ ဝယ်ခွင့်ပြုမည်။

၅။ လေလံတင်ရောင်းချမည့် သစ်ခေါက်များကို မျက်မြင်စစ်ဆေးပြီးမှ လေလံဆွဲဝယ်ယူရန် ။

၆။ လေလံအောင်မြင်ပြီးပါက တပ်ကုန်းမြို့မြန်မာ့စီးပွါးရေးဘဏ်တွင် ငွေအကြေအပြေပေးသွင်းပြီးနောက် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနထံမှ ပုံစံ(၈)သစ်ခေါက်များကို တရားဝင်လွှဲပြောင်းပေးအပ်ရန်အတွက် တောင်းခံလွှာတင်ပြရန် ။

၇။ တရားဝင် လွှဲပြောင်းပြီးသော ပုံစံ(၈)သစ်ခေါက်များနှင့် ပတ်သက်၍ လက်ဝယ် ရောက်ရှိပါက ပျက်စီး ပျောက်ဆုံးမှုမရှိစေရေး တာဝန်ယူကြောင်း ခံဝန်ကတိတင်ပြရန် ။

၈။ ဈေးပြိုင်စံနစ်ဖြင့် လေလံတင်ရောင်းချရာတွင် လေလံတင်ရောင်းချရေးအဖွဲ့မှ ဈေးစတင်ခေါ်ယူခြင်းမပြုဘဲ ဝယ်ယူသူများကသာ ဈေးစတင်၍ ဝယ်ဈေးကိုပေးရမည်။

၉။ လေလံဆွဲအောင်မြင်ခြင်းမရှိသည့် ပုဂ္ဂိုလ်များ၏စဘော်ငွေကို လေလံတင်ရောင်းချပြီးနောက်နေ့မှစ၍(၅)ရက်အတွင်း ပြန်လည်ထုတ်ပေးပါမည်။သတ်မှတ်ရက်အတွင်း လာရောက်မထုတ်ယူပါက နိုင်ငံတော်ပိုင် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည်။

၂/သို့

၁၀။ လေလံဆွဲဝယ်အောင်မြင်ပါက(၃)ရက်အတွင်းတန်ဖိုးငွေအပြည့်ပေးချေ၍ လေလံအောင်မြင်သော သစ်ခေါက်များကို လွှဲပြောင်းလက်ခံရယူရမည်။

၁၁။ သတ်မှတ်ရက်အတွင်း တန်ဖိုးငွေပေးသွင်းနိုင်ခြင်းမရှိက ပေးသွင်းထားသည့်စဘော်ငွေကို နိုင်ငံတော်ပိုင် ဘဏ္ဍာအဖြစ်သိမ်းယူမည်ဖြစ်ပါသည်။

၁၂။ လေလံဆွဲဝယ်အောင်မြင်သူသည် တန်ဖိုးငွေအပြည့်အဝကိုတပ်ကုန်းမြို့ မြန်မာ့စီးပွါးရေးဘဏ်သို့ ပေးသွင်းပြီးမှသာ ဆွဲဝယ်ရရှိသည့် သစ်ခေါက်ကို လွှဲပြောင်းပေးအပ်မည်ဖြစ်ပါသည်။

၁၃။ လေလံဆွဲဝယ်အောင်မြင်သူသည် တန်ဖိုးငွေအပြည့်အဝ ပေးချေပြီးပါက အောက်ပါစာရွက်စာတမ်း များပြသပြီး လေလံအောင်မြင်သည့် သစ်ခေါက်များ လွှဲပြောင်းရယူနိုင်ပါသည်။

(က) အမျိုးသား/နိုင်ငံသားစိစစ်ရေးကဒ်ပြား

(ခ) ကိုယ်စားလှယ်မှ ထုတ်ယူလျှင် တရားဝင်ကိုယ်စားလှယ်လွှဲစာ

၁၄။ လေလံတင်ရောင်းချရေးအဖွဲ့သည်အကြောင်းတစ်စုံတစ်ရာဖော်ပြခြင်းမပြုဘဲ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်နိုင်သည်။

မြို့နယ်သစ်တောဦးစီးဌာန
တပ်ကုန်းမြို့

ကိစ္စ – ၂၀၁၄ ခုနှစ် ၊ ဖေဖော်ဝါရီလ (၂၇) ရက်